
Third Story Project

in cooperation with

myanmar Story Tellers

facebook.com/thirdstorychildrenbooks



ISBN 978-99971-73-53-9

9 789997 173539 >

သဒ်စတိုရီပရောဂျက်မှ ထုတ်ဝေသည်။

# တန်းတူညီတူ

မောင်ခင်လင်း

ကာတွန်းသရုပ်ဖော် – ထိပ်ထားလေး



## သဒ္ဒိစတိုရီပရောဂျက်မှ ထွက်ရှိပြီးသော စာအုပ်များ



1. Everyone is Valuable 2. Swe Zin's Dance 3. Birds of a Feather 4. Tale of Two Pots 5. What Makes Us Beautiful 6. Frog and Snake 7. Phway Phway Won't Litter 8. Flying Cat



9. Pu Su's Adventures 10. Thiri Goes to School 11. Ei Si the Duckling 12. Pone Pone's Garden 13. The Gardener 14. For the Love of Trees 15. Working Together 16. The Bridge



17. Superhero 18. Pho Maung and Friends 19. Little Chicken Egg 20. Little Bear's Hobby 21. Singer from Flower City 22. Playtime for Mee Su 23. Taungzalat Tale 24. Happy Journey



25. Robot Footballer 26. Jar Ni Goes to School 27. First Prize 28. Home 29. Maung Sola 30. Little Grey Umbrella 31. Oasis 32. Dee Ku and Bamboo Hat



33. Mi Mi Lay's Sandals 34. Journey to Happy Land 35. The Princess and Sugar Land 36. Village in the Clouds 37. Helpful Dragons 38. Little Bamboo 39. Teacher Guide 40. Activity Sheets



41. The Freedom Story 42. Sewing Needle, Spool of Thread and Five Brothers 43. Jay Jay the Journalist 44. Three Merchants 45. Pu Lone the Little Pillow



46. The Little Broom 47. Jungle People 48. Alphabet

**ဆက်သွယ်ဝယ်ယူရန်**

+959448311104
www.thirdstoryproject.com
thirdstorychildrenbooks@gmail.com
www.facebook.com/thirdstorychildrenbooks

# တန်းတူညီတူ

**မောင်ခင်လင်း**

ဆဋ္ဌမတန်း (၂၀၁၆ - ၂၀၁၇)၊ ရွှေစေတီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း စစ်တွေမြို့
ရေးသားသောဇာတ်လမ်းကို သရုပ်ဖော်ပုံများတင်ပြခြင်း ဖြစ်ပါသည်။

ကာတွန်း သရုပ်ဖော် - ထိပ်ထားလေး



တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project


မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိန် (၀၁၇၉၃)
သဒ္ဒိစတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၉၁)၊ ပထမထပ်၊ လမ်း ၄၀ (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြ - ၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။

တစ်ခါက တောအုပ်ကြီးတိုင်းပြည်မှာ
မယ်ငြိမ်းချမ်းဆိုတဲ့ ဆိတ်မလေး တစ်ကောင်ရှိသတဲ့။
မယ်ငြိမ်းချမ်းဟာ ပညာတတ်ကြီး သိပ်ကိုဖြစ်ချင်တာပဲပေါ့ကွယ်။






မယ်ငြိမ်းချမ်းဟာ တစ်ပါးသူတွေကိုလည်း ကူညီတတ်သူမို့ အများက ချစ်ခင်ကြသတဲ့။




မယ်ငြိမ်းချမ်းဟာ
သင်္ချာတွက်ရတာကို
သိပ်ကြိုက်တယ်။
သူက အင်ဂျင်နီယာကြီး
ဖြစ်ချင်ပြီး
တောအုပ်ကြီးကို
အကျိုးပြုချင်တာပေါ့။



မယ်ငြိမ်းချမ်းလေးဟာ ကျောင်းကပြန်လာရင်
မေမေဆိတ်ကိုလည်း ကူညီရသေးတယ်။
နွမ်းပါးတဲ့ မယ်ငြိမ်းချမ်းလေးဟာ
ကျူရှင်လည်း မတက်နိုင်ဘူးတဲ့။



စာသင်နှစ်ဝက်လောက်မှာ မယ်ငြိမ်းချမ်းအတွက်
ဝမ်းနည်းစရာကြုံရပါတယ်။
ကျူရှင်ဆီ ပျော်ပျော်ရွှင်ရွှင်သွားနေကြတဲ့
သူငယ်ချင်းတွေက မယ်ငြိမ်းချမ်းကို မခေါ်ကြတော့ဘူးတဲ့။



အတန်းပိုင်ဆရာမ ဒေါ်ဆင်ဆင်ကလည်း
အလုပ်တွေများလို့ မယ်ငြိမ်းချမ်း
ဘာကြောင့်ဝမ်းနည်းရသလဲဆိုတာကို
ဂရုမစိုက်နိုင်ဘူးလေ။

သူငယ်ချင်းတွေလို ကျူရှင်ကအပြန် မုန့်ဝယ်စားတာ၊
ကစားကြတာ သူသိပ်လုပ်ချင်တာပဲ။ ကျူရှင်ပို့ပေးဖို့
မေမေဆီတက်ကိုလည်း မပြောရက်ဘူးလေ။





ကျောင်းက သန့်ရှင်းသပ်ရပ်ပြိုင်ပွဲမှာ မယ်ငြိမ်းချမ်း ဘာဖြစ်လို့မပါတာလဲလို့ ကျောင်းအုပ်ဆရာကြီး ဦးဦးတောက်တဲ့က မေးတယ်။

ကလေးတွေက မယ်ငြိမ်းချမ်းဟာ သန့်ရှင်းလေ့ကျင့်တဲ့ကျူရှင်ကို မလာတာကြောင့် သူမပါရတာလို့ ပြောကြတယ်။






ဆရာကြီးက “ကျူရှင်တက်တဲ့ကလေးနဲ့
မတက်တဲ့ကလေးဟာ အခွင့်အရေးတူတူပဲရမှာ ဖြစ်တယ်။
သချာတော်တဲ့ မယ်ငြိမ်းချမ်းကို သွားခေါ်ကြပါ” လို့ ဆိုသတဲ့။

ဒီနှစ် သင်္ချာစွမ်းရည်ပြိုင်ပွဲရဲ့ ပထမဆုရှင်ကတော့
ဆိတ်မလေး မယ်ငြိမ်းချမ်းပါ။
ကျူရှင်မတက်နိုင်ပေမယ့် စာကြိုးစားတဲ့
မယ်ငြိမ်းချမ်းကို အားလုံးက အသိအမှတ်ပြုရပြီလေ။
သူဟာလည်း တခြားကျောင်းသူ၊
ကျောင်းသားတွေနဲ့ တန်းတူညီတူပါပဲ။



# uav;wkdkzfqkefr;cef




မယ်ငြိမ်းချမ်း သင်္ချာတော်တာ
ဘာကြောင့်လဲ။



ကျူရှင်မတက်နိုင်တဲ့ ကလေးတွေက
ထူးချွန်ပြိုင်ပွဲတွေ ဝင်နိုင်ပါသလား။
မဝင်နိုင်ဘူးလား။ ဘာကြောင့်လဲ။

စာမလိုက်နိုင်တဲ့၊
ကျူရှင်မတက်တဲ့
သူငယ်ချင်းကို ကူညီမလား။
ဘယ်လိုကူညီမလဲ။






အတန်းထဲက
သူငယ်ချင်းတစ်ယောက်ကို
ခင်ခင်မင်မင် မဆက်ဆံဘူးဆို
သူဘယ်လိုခံစားရနိုင်လဲ။

ကလေးတိုင်း မူလတန်းပညာ မသင်မနေရအပါအဝင် တန်းတူပညာသင်ကြားခွင့်ကို ဖော်ဆောင်ပေးရမည်။
ကလေးတိုင်းကို တန်းတူညီတူ မျှတစွာ ဆက်ဆံရမည်။






မယ်ငြိမ်းချမ်းလေး
ကျောင်းရောက်သွားအောင်
ကူညီပြီး လမ်းရှာပေးလိုက်ကြပါဦးနော်။

